# လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၅။)

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်

(၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ လမ်းနှင့် တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မ ၃ တို့တွင်ပါရှိသော "လုပ်ထုံးလုပ်နည်းဖြင့်" ဆိုသည့် စကားရပ်ကို "အမိန့်ကြော်ငြာစာဖြင့်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ လမ်းနှင့် တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၉ တွင်ပါရှိသော "ထောင်ဒဏ် ခြောက်လ သို့မဟုတ် ငွေဒဏ်ကျပ်ငါးထောင် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ကျခံစေရမည်။" ဆိုသည့်စကားရပ်ကို "ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်သုံးသိန်းထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၁၀ တွင်ပါရှိသော"ထောင်ဒဏ် သုံးလ သို့မဟုတ် ငွေဒဏ်ကျပ်သုံးထောင် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ကျခံစေရမည်။" ဆိုသည့်စကားရပ်ကို "ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ လမ်းနှင့် တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၁ တွင်ပါရှိသော "ထောင်ဒဏ် တစ်လကျခံစေရမည်။" ဆိုသည့် စကားရပ်ကို "ထိုသူကို တစ်လထက်မပိုသော ထောင် ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုး ရမည်။

၆။ လမ်းနှင့် တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေတွင် ပုဒ်မ ၁၃ ကို အောက်ပါ အတိုင်း အစားထိုးရမည် -

"ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြား ချက်များကို ထုတ်ပြန်နိုင်သည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်